# ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ)၊ ၁၄(ဂ)၊ ၁၇(င) နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၁၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့် များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ )အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး (၁)လလျှင် (၂)ကြိမ်ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ ထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ပြန်ကြားပေးခဲ့ပါသည်။

၂။ ၂၄ - ၃ - ၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစည်းအဝေးအမှတ်စဉ် ( ၆ / ၂၀၂၂ )၌ အောက်ဖော်ပြပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၅)ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေး အဆိုပြုချက် (၁၄)ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့်ဝန်ထမ်း (၃၆)ဦးနှင့် သတ်မှတ်ပညာအရည်အချင်းကိုလျှော့ပေါ့၍ အထူးကိစ္စတစ်ရပ်အနေဖြင့် (၁)ဦး၊ စုစုပေါင်း(၃၇)ဦးတို့အား ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်းဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန<br>- ပြည်ထောင်စုဝန်ကြီးရုံး | (၃)ဦး | ၂၆-၂-၂၀၂၂ | ၁၂-၃-၂၀၂၂ | ၁၆-၃-၂၀၂၂ | ၂၄-၃-၂၀၂၂<br>(၆/၂၀၂၂) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၂။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန<br>- ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | (၂)ဦး | ၂၆-၂-၂၀၂၂ | ၁၂-၃-၂၀၂၂ | ၁၆-၃-၂၀၂၂ | ၂၄-၃-၂၀၂၂<br>(၆/၂၀၂၂) |
| ၃။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန<br>(က) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်း<br>(ခ) ဝန်ကြီးရုံး | (၁)ဦး ပညာလျှော့<br>(၃)ဦး | ၂၈-၁၀-၂၀၂၀<br>၂၅-၂-၂၀၂၂ | ၉-၃-၂၀၂၂<br>၁၅-၃-၂၀၂၂ | ၁၂-၃-၂၀၂၂<br>၁၆-၃-၂၀၂၂ | ၂၄-၃-၂၀၂၂<br>(၆/၂၀၂၂)<br>၂၄-၃-၂၀၂၂<br>(၆/၂၀၂၂) |
| ၄။ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန<br>- အားကစားနှင့်ကာယပညာဦးစီးဌာန(ရုံးချုပ်) | (၁၈)ဦး | ၃-၃-၂၀၂၂ | ၁၆-၃-၂၀၂၂ | ၁၉-၃-၂၀၂၂ | ၂၄-၃-၂၀၂၂<br>(၆/၂၀၂၂) |
| ၅။ | ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ<br>- စည်ပင်သာယာရေးဝန်ကြီးဌာန | (၁၀)ဦး | ၁၁-၂-၂၀၂၂ | ၄-၃-၂၀၂၂ | ၁၅-၃-၂၀၂၂/<br>၁၆-၃-၂၀၂၂ | ၂၄-၃-၂၀၂၂<br>(၆/၂၀၂၂) |